myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

March 18, 2019 Volume 17, Number 12

**၁၈.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၂/ကျပ် |
| CBM Rate | = ၁၅၃၆.၈/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၇.၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၃၆.၇ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၇.၉ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၀၉၂.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၈.၉၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၃၉၁ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၆၅ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၆.၉၀ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၄၉၅ကျပ် |

Source: CBM Rate. etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## ဖေဖော်ဝါရီအတွင်း ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရရှိမှုလျော့ကျ

ဇန်နဝါရီက ပြည်တွင်းနှင့်ပြည်ပအလုပ်အကိုင်ရရှိမှုနှုန်း စံချိန်တင်မြင့်တက်သော်လည်း ဖေဖော်ဝါရီအတွင်း ပြန်လည်ကျဆင်းခဲ့ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သည့်စာရင်းတွင် ဖော်ပြထားသည်။ ဖေဖော်ဝါရီတွင် ပြည်တွင်းအလုပ်အကိုင်ရရှိသူ ၂၅,၀၀၀ ကျော်ရှိပြီး ဇန်နဝါရီထက်ဦးရေ ၂,၀၀၀ ခန့်လျော့နည်းခဲ့သည်။ ပြည်ပအလုပ်အကိုင်ရရှိမှုသည်ဦးရေ ၂၂,၀၀၀ ကျော်ရှိပြီး ဇန်နဝါရီလထက်ဦးရေ ၁,၀၀၀ ကျော် လျော့နည်းသည်။ နှစ်တိုင်းလိုလိုပါပဲ။ ဖေဖော်ဝါရီ၊ မတ်လတွေမှာ အလုပ်အကိုင်ရရှိမှုက ကျဆင်း လေ့ရှိတယ်။ စာမေးပွဲရာသီနဲ့ နှစ်သစ်ကူးကာလတွေရှိတော့လေ။ အလုပ်ရှာသူနည်းသလို အလုပ်ခန့်သူလည်းနည်းတတ်တယ်ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်ပ အလုပ်အကိုင်ရရှိမှုတွင် မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သည့် အရေအတွက်မှာ ဇန်နဝါရီကထက် ဦးရေ ၁,၀၀၀ ခန့်ကျဆင်းပြီး အခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သည့် အရေအတွက်မှာ သိသိသာသာကွာခြားခြင်းမရှိပေ။ မလေးရှားက အတက်၊ အကျတော့မငြိမ်ဘူး။ အလုပ် ခေါ်စာတွေကတော့ တောက်လျှောက်ဝင်ပါတယ်။ ထွက်ဖို့နည်းနည်းကြာ တာလေးတော့ရှိကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီလုပ်ငန်းရှင် ဦးသန်းထွဋ်ဦး က ပြောသည်။

ဖေဖော်ဝါရီတွင် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိမှု လျော့နည်းသော်လည်း ယခင်နှစ်ကာလတူ အလုပ်ရရှိမှုအရေအတွက်ထက်မူ များပြားနေဆဲဖြစ်သည်။ ၂၀၁၈ ဖေဖော်ဝါရီက ပြည်တွင်းအလုပ်အကိုင်ရရှိသူဦးရေ ၂၁,၀၀၀ ကျော်နှင့် ပြည်ပအလုပ်အကိုင်ရရှိသူ ဦးရေ ၁၅,၀၀၀ ကျော်ရှိသည်။

**Source:** http://www.7daydaily.com/story/152399

## စက်သုံးဆီဈေးတက်၍ သင်္ကြန်ပိတ်ရက်အတွက် ကားစင်းလုံးငှား ဝန်ဆောင်ခတက်ရန်ပြင်ဆင်

သင်္ကြန်ပိတ်ရက်မတိုင်မီ စက်သုံးဆီဈေးမြင့်တက်မှုကြောင့် ကားစင်းလုံးငှားရမ်းခနှုန်းထားများ တိုးမြှင့်ရန်ရှိကြောင်း ကားအငှားဝန်ဆောင်မှု လုပ်ငန်းပိုင်ရှင် အချို့ကပြောသည်။ သင်္ကြန်ပိတ်ရက် ကားငှားရမ်းခကို မသတ်မှတ်ရသေးသော်လည်း လက်ရှိ စက်သုံးဆီဈေးကြောင့် ယခင်နှစ်များထက် ကားငှားခတိုးမြှင့်ရမည့် အခြေအနေရှိနေသည်ဟု ၎င်းတို့ဆိုသည်။

လက်ရှိတွင် ကားငှားရမ်းခကို ပုံမှန်ထက် ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်ရှိပြီး ဈေးကွက်အပေါ် မူတည်၍ အပြောင်းအလဲရှိနိုင်ကြောင်း ၎င်းကဆိုသည်။

အခုရင် တစ်ရက်တစ်သိန်းဆိုရင် တစ်သိန်းနှစ်သောင်းလောက် ဖြစ်သွားနိုင်ကြောင်း၊ ထိုသို့ ကားငှားရမ်းခ တိုးမြှင့်ရခြင်းကြောင့် ငှားရမ်းသည့်အရေအတွက် သိသာစွာလျော့နည်းမည်မဟုတ်ဟု တစ်ပိုင်တစ်နိုင် ကားစင်းလုံးငှားလုပ်ငန်းလုပ်ကိုင်နေသူ ဦးအေးပိုင်ကဆိုသည်။ ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ဖေဖော်ဝါရီလလယ်ကစ၍ တောက်လျှောက်မြင့်တက် နေခြင်းကြောင့် အငှားပြေးခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းများလည်း သက်ကြန်ပိတ်ရက်ယာဉ်စီးခနှုန်း သတ်မှတ်ရန် အခက်အခဲရှိနေကြောင်း ယာဉ်လိုင်းတာဝန်ရှိသူများက ပြောကြားထားသည်။

**Source:** http://www.7daydaily.com/story/152238

## ချင်းပြည်နယ်ထွက် စတော်ဘယ်ရီဈေးကောင်းရ၊ စိုက်ပျိုးသူများအဆင်ပြေ



ချင်းပြည်နယ် ဟားခါးမြို့နယ် ထန်တလန် ချွန်ကျုံးဒေသ စတော် ဘယ်ရီစိုက်ခင်းများမှထွက်ရှိသော စတော်ဘယ်ရီသီးများ ယခုနှစ် ရာသီဥတုကောင်းမွန်သည့်အတွက် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရ၍ စတော်ဘယ်ရီစိုက်ပျိုးသူများ ဝင်ငွေကောင်းအဆင် ပြေလျက်ရှိကြောင်း ထန်တလန်မြို့ စတော်ဘယ်ရီစိုက်တောင်သူ ဦးဟင်နရီရှန်ဘစ်ကျုံးက ပြောဆိုသည်။

ချင်းတောင်မှာ စတော်ဘယ်ရီ စိုက်ပျိုးနေတာကတော့ လွန်ခဲ့တဲ့နှစ် ၄၀၊ ၅၀ ဝန်းကျင်က စတင်စိုက်ပျိုးနေတာဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင်အခင်းတွေဖြစ်ပါတယ်။ အခုကတော့ ချင်းပြည်နယ်မှာ နေရာအနှံ့စိုက်ပျိုးမှုရှိနေပြီး ထွက်လာတဲ့ စတော်ဘယ်ရီသီးတွေကိုလည်း ဈေးကွက်ရှိရာ တင်ပို့ရောင်းချ တာမျိုးရှိသလို စတော်ဘယ်ရီစိုက်ခင်းမှာလာပြီး ဝယ်ယူတာတွေလည်းရှိပါတယ်။ အခုစိုက်ခင်းတွေမှာတော့ ဈေးကွက်ကိုသွားပြီး ရောင်းချရတာမျိုးမဟုတ်ပါဘူး။ စိုက်ခင်းမှာပဲ ထွက်ရှိသမျှ စတော်ဘယ်ရီသီးတွေ အကုန်ရောင်းနေရကြောင်း ၎င်းကပြောဆိုသည်။

ချင်းပြည်နယ်တွင် စတော်ဘယ်ရီစိုက်ပျိုးမှုကို တီးတိန်မြို့နယ် သိုင်းငင်း၊ ဆိုဇန်၊ ဘန်းတဲ့ ဒေသများတွင် စိုက်ပျိုးမှုများပြီး ၂၀၁၅ခုနှစ်မှစတင်၍ဖလမ်းမြို့နယ်တွင်လည်းကောင်း၊ ဟားခါးမြို့နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်း မတူပီ၊ မင်းတပ်မြို့နယ်တို့တွင် အများအပြားစိုက်ပျိုးကြောင်း ချင်းပြည်နယ်စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောဆိုသည်။ ချင်းပြည်နယ်မှာ စိုက်ပျိုးတဲ့ စတော်ဘယ်ရီပင်တွေက မေမြို့ဘက်ကနေမှာယူပြီး စိုက်ပျိုးတာဖြစ်ပါတယ်။ အခုလေး၊ ငါးနှစ်အတွင်း တိုးချဲ့စိုက်ပျိုးမှုများပြားပါတယ်။ ထွက်ရှိလာတဲ့ စတော်ဘယ်ရီသီးတွေကို ကလေးမြို့ဈေးကွက်၊ ဂန့်ဂေါ၊ ပခုက္ကူဈေးကွက်တွေက ရသလောက်ဝယ်ယူမှုရှိပေမယ့် အခုတော့ ဟားခါးမြို့နယ်မှာ ချွန်ကျုံးရွာကထွက်တဲ့ စတော်ဘယ်ရီသီးဆိုရင် ရွာမှာလာဝယ်တဲ့သူရှိသလို ထန်တလန်ဘက်ကစိုက်ခင်းတွေဆိုရင်လည်း စိုက်ခင်းမှာ သွားဝယ်နေတဲ့သူရှိကြောင်း အခုဆိုရင် ဟားခါးမြို့ဝန်းကျင်မှာလည်း စတော်ဘယ်ရီစိုက်ပျိုးသူ လေး၊ ငါးဦးရှိနေပြီကြောင်း ၎င်းကပြောဆိုသည်။

ချင်းပြည်နယ်ထွက် စတော်ဘယ်ရီသီးများမှာ အလုံးလှပြီးအရသာကောင်းမွန်သည့်အတွက် ဝယ်ယူသူများပြားလျက်ရှိရာ စတော်ဘယ်ရီစိုက်ခင်းတွင် စတော်ဘယ်ရီသီးတစ်ပိဿာကို ကျပ် ၅၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ကလေးမြို့ဈေးကွက်နှင့် ဂန့်ဂေါ၊ ပခုက္ကူဈေးကွက်တွင် ချင်းတောင်ထွက် စတော်ဘယ်ရီသီးတစ်ပိဿာလျှင် ကျပ် ၈၀၀၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ချင်းတောင်စတော်ဘယ်ရီစိုက်ပျိုးရေးက အရင်းအနှီးများပါတယ်။ တစ်ဧကစိုက်ပျိုးစရိတ်ကျပ်သိန်း ၈၀ အထိကုန်ကြောင်း၊ ကျွန်တော့်စိုက်ခင်းကတော့ ပြီးခဲ့တဲ့ ဩဂုတ်လက စတင်စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ တစ်ဧကအပင် ၆၀၀၀ စိုက်ပါတယ်။ဇန်နဝါရီလကုန်ပိုင်းကစလို့ အသီးသီးပါတယ်။ ပြုစုမှုကောင်းမွန်ရင် တစ်နှစ်ပတ်လုံးအသီးသီး ပါတယ်။ အခုရက်ပိုင်းမှာ တစ်ရက်ငွေကျပ် နှစ်သိန်းဝန်းကျင်အထိ ရောင်းရပါတယ်။ အခု လေးဧကလောက် စိုက်ပျိုးထားပါတယ်"ဟု စတော်ဘယ်ရီစိုက်ပျိုးသူတစ်ဦးက ပြောဆိုသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1754-satawberry.html

## ကြက်သွန်နီဈေးနှုန်း အနည်းငယ်မြင့်တက်



သကြင်္န်ရက်နီးလာ၍ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်မှ ထွက်ရှိသော ကြက်သွန်နီဈေးနှုန်းအနည်း ငယ်မြင့်တက် လာပြီး လက်လီလက်ကားဈေးမြင့်နေကြောင်း ကြက်သွန်နီဈေးကွက်မှသိရသည်။ အရင်တစ်ပတ်မှာ ကြက်သွန်နီအကြီး တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၊ အလတ် ငွေကျပ် ၆၀၀ ဈေးရှိကြောင်း၊ လက်လီဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ပေါက်ဈေးရှိကြောင်း၊ လက်လီဈေးကွက်ကို အားထားနေရကြောင်း ရေနံချောင်းမြို့နယ်မှ ကြက်သွန်နီပွဲစား ဦးစိုးလွင်က ပြောသည်။

ယခုတစ်ပတ်တွင် ကြက်သွန်နီ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၊ ကြက်သွန်နီ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၇၅၀ ပေါက်ဈေးရှိကြောင်း၊ အသေးအနုပ်ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၆၀၀ မှ ငွေကျပ် ၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ မတ်လဆန်းအထိ ဈေးနှုန်းကျနေရာမှ ယခုတစ်ပတ်တွင် ဈေးနှုန်းပြန်တက်လာခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1752-onion-prices.html

## မြန်မာ့ကျွဲကောသီးကို ဝယ်ယူရန် ပြည်ပကမ်းလှမ်းမှုများရှိသော်လည်း လုံလောက်စွာ တင်ပို့နိုင်ခြင်းမရှိ



မြန်မာ့ကျွဲကောသီး ဝယ်ယူရန်အတွက် တရုတ်နိုင်ငံအပြင် စင်္ကာပူ နိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများမှ ကမ်းလှမ်းမှုရှိသော အရည်အသွေးကောင်းမွန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မှု အားနည်းချက်များကြောင်း လုံလောက်စွာတင်ပို့နိုင်ခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံ ကျွဲကောစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့မှသိရသည်။

လက်ရှိတွင် ကျွဲကောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရန် လုပ်ဆောင် နေသလို မွန်ပြည်နယ် အစိုးရအဖွဲ့ထံမှ မြေနေရာ ရရှိရန် တောင်းဆိုထားခြင်းမှာ တစ်နှစ်ကျော် ဝန်းကျင် ကြာမြင့်သော်လည်း လက်ရှိ အချိန်ထိ မြေရရှိခြင်းမရှိသေးကြောင်း သိရသည်။

အဓိကတော့ တရုတ်ဝယ်လက်ကိုတောင် မပေးနိုင်သေးဘူး။ အခြားနိုင်ငံတွေကလည်း ကမ်းလှမ်းပေမဲ့ စံချိန်စံနှုန်းတွေနဲ့ ပတ်သက်ပြီး သူတို့သတ်မှတ်ထားတာ ကျွန်တော်တို့ဆီမှာ ဘာမှမရှိဘူး။ အနည်းဆုံးတော့ GAP လက်မှတ်မရှိလို့မရဘူး။ အဲ့ဒါကြောင့် certificate မလိုတဲ့ တရုတ်နိုင်ငံတောင် မပေးနိုင်ဘူးဖြစ်နေတယ်။ တရုတ်က ရမယ်ဆိုရင် များများလိုချင်တယ်။ စာချုပ်ချုပ်မယ်။ အနည်းဆုံးတော့ တစ်နေ့ကို ကွန်တိန်နာ ဘယ်နှစ်လုံးပေးနိုင်မလဲ။ တစ်ပတ်ကို ဘယ်နှစ်လုံးပေးနိုင်မလဲ။ တစ်လကို ကွန်တိန်နာ ငါးလုံးလောက်လိုချင်ပေမဲ့ ကျွန်တော်တို့ဆီမှာ အဲ့လောက်မရနိုင်ကြောင်း မြန်မာနိုင်ငံ ကျွဲကောစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြောသည်။

ထို့အပြင် ပြည်တွင်း၌ ကျွဲကောစိုက်ပျိုးထုတ်လုပ်မှုသည် လွန်ခဲ့သော နှစ်နှစ်ဝန်းကျင်ကထက် ယခုနှစ်တွင် စိုက်ပျိုးဧကတိုးချဲ့လာသော်လည်း ကျွဲကောစိုက်တောင်သူအချင်းချင်း ချိတ်ဆက်မှုမရှိခြင်းကြောင့် ကျွဲကောစိုက်ဧက မည်မျှတိုးတက်လာသည်ကို စာရင်းအတိအကျ ကောက်ယူနိုင်ခြင်းမရှိကြောင်းသိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကျွဲကောစိုက်ဧက ခန့်မှန်းခြေ ၉ က ၅၀၀၀ ဝန်းကျင်ရှိပြီး ပြည်တွင်းတွင် ကျွဲကောသီးမျိုးစိတ်ပေါင်း ၂၀ ကျော်အနက် ပန်းတစ်ကျွဲကောနှင့် ပျားကျွဲကောမျိုးစိတ်သာ ပြည်ပဈေးကွက် အများဆုံးရှိခြင်းကြောင့် အရည်အသွေး ကောင်းမွန်သော သီးနှံများထွက်ရှိလာစေရန် စိုက်ပျိုးရေးနည်းစနစ်နှင့်ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) အသိအမှတ်ပြုလက်မှတ်ရရှိရန် သင်တန်းများပေးသော်လည်း တောင်သူများအနေဖြင့် စိတ်ဝင်စားမှုအားနည်းနေသေးကြောင်းသိရသည်။ ကျွန်တော်တို့ဆီမှာ လက်ရှိစိုက်ဧကခြံကများတယ်။ ဒါပေမယ့် အမျိုးအမည်များတော့ စိုက်ထားတဲ့ နှုန်းကလည်း မတူသလို သူတို့လိုချင်တဲ့ အမျိုးအစားက အများကြီးမရနိုင်ဘူး။ အဲ့ဒါအပြင် သူတို့လိုချင်တဲ့ မျိုးစိုက်ခြံတွေက ထွက်သမျှရဲ့ သီးနှံ ၅၀ ရာခိုင်နှုန်းကလည်း export တန်းဝင်မဟုတ်ဘူး။ အပြင်ပန်းက အရည်အသွေးညံ့တယ်။ အထဲက အရသာဘယ်လောက်ပဲကောင်းကောင်း အပြင်ပန်းက အရည်အသွေး ကောင်းဖို့လည်းလိုသေးတယ်။ စင်္ကာပူကလည်းလိုချင်တယ်။ အရှေ့အလယ်ပိုင်းဒေသနိုင်ငံတွေကလည်း လိုချင်ကြ တယ်။ ဒါပေမဲ့ သူနိုင်ငံရဲ့သက်ဆိုင်ရာ certificate ရှိမှ တင်ပို့ခွင့်ရမှာဖြစ်ကြောင်း ဦးမြင့်သိန်းကပြောသည်။

ထို့ကြောင့် တောင်သူများအနေဖြင့် လက်ရှိတွင် Global GAP လက်မှတ်မရှိသေးသော်လည်း Myanmar GAP ရရှိထားပါက Export တင်ပို့နိုင်မည့် အရည်အသွေးရှိသော စိုက်ပျိုးရေးခြံများ အများအပြားရှိလာမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်ရရှိသော ကျွဲကောသီးများကို နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံကိုသာ အနည်းငယ်တင်ပို့ရောင်းချနေခြင်းဖြစ်ပြီး ပြည်တွင်းဈေးကွက်အတွင်း၌သာ ရောင်းချနေရခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိမြန်မာနိုင်ငံတွင် ကျွဲကောစိုက်ပျိုးရာ၌ အရည်အသွေးကောင်းသော မျိုးစိတ်တစ်ခုတည်းကို သီးသန့်စိုက်ပျိုးနိုင်ခြင်းမရှိဘဲ တောင်သူများအကြိုက် စိုက်ပျိုးခြံအတွင်း သီးနှံမျိုးစိတ် အမျိုးအစားလေးမျိုးလောက်ကို ထည့်သွင်းရောနှောစိုက်ပျိုးခြင်းမှာ အဓိကပြဿနာတစ်ခုဖြစ်ကြောင်းသိရသည်။

ဖရဲ၊ သရက်၊ ကျွဲကော အပါအဝင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍမှာ အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ပါဝင်ခြင်းကြောင့် ယင်းမဟာဗျူဟာကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် ပြည်တွင်းပို့ကုန်မြှင့်တင်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (၅)နှစ်စီမံကိန်း သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကျွဲကောကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တို့တွင် စိုက်ပျိုးလျက်ရှိပြီး ပြည်ပကလိုအပ်လျက်ရှိသည့် ကျွဲကောမျိုးများကိုလည်း စိုက်ပျိုးနိုင်သည့် ဒေသများသို့ ဖြန့် ဖြူးလျက်ရှိသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1750-pamelo.html

## ငါးခြောက်ကုန်ကြမ်းတင်သွင်းခွင့်ရပ်ဆိုင်းထားမှုကြောင့် ငါးခြောက်ပွဲရုံ (၆၀) ရာခိုင်နှုန်းနီးပါး လုပ်ငန်းများရပ်ဆိုင်း



ပြည်ပနိုင်ငံများမှ ငါးခြောက်ကုန်ကြမ်းတင်သွင်းခွင့် ရပ်ဆိုင်းထားမှုကြောင့် ငါးခြောက်ပွဲရုံ (၆၀) ရာခိုင်နှုန်းနီးပါး လုပ်ငန်းများ ရပ်ဆိုင်းထားရကြောင်း မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်နှင့် ငံပြာရည်ထုတ်လုပ်ရောင်းချသူများအသင်းမှသိရသည်။ ငါးခြောက်ကုန်ကြမ်းကို ပြည်ပမှ တရားဝင် တင်သွင်းခွင့်အတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ထောက်ခံချက် ထုတ်ပေးထားသော်လည်း ပြည်တွင်း၌ ဖမ်းဆီးရရှိခြင်းမရှိသော ငါး၊ ပုစွန်မျိုးစိတ်များကိုသာ တင်သွင်းရန် ထုတ်ပြန်ပြီးသည့်နောက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ ကုန်သွယ်ရေးဦးစီးဌာနက ငါးခြောက်ကုန်ကြမ်းတင်သွင်းခွင့်လိုင်စင်ထုတ်ပေးခြင်းကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ငါးခြောက်ပွဲရုံလုပ်ငန်းရှင် (၃၀၀) လောက်အထိရှိတယ်။ အခုဘယ်လိုဖြစ်နေလဲဆိုရင် ငါးခြောက်ကုန်ကြမ်းရရှိမှုနည်းလာတဲ့အတွက် ပွဲရုံ (၅၀) လောက်ပဲ အလုပ်ရပြီးတော့ လုပ်ငန်းရှင် (၂၀၀) လောက်က အလုပ်ရရှိမှုနည်းလာတယ်။ ကုန်သွယ်ရေးဦးစီးဌာနကနေ တရားဝင် တင်သွင်းခွင့်အတွက် လိုင်စင်ထုတ်မပေးတဲ့အတွက် အောက်လမ်းကနေပဲ လုပ်ငန်းရှင် (၁၀၀) လောက် အလုပ်ရဖို့အတွက်ကို လုပ်နေရတယ်။ မဖြစ်မနေလို့သာ အခွန်ပေးနေရတာ။ ဒီလောက်ကြီး

ကို မပေးချင်ဘူး။ ဒီလိုမလုပ်ဘူး၊ ဒီလိုမပေးဘူးဆိုလည်း ကျွန်တော့်ဆီက လုပ်ငန်းရှင်တွေ အလုပ်မရှိဘူး”ဟု မြန်မာနိုင်ငံငါးပိ၊ ငါးခြောက်နှင့် ငံပြာရည်ထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးနိုင်ဝင်းက ပြောသည်။ ပြည်တွင်း၌ ကုန်ကြမ်းလိုအပ်ချက်မြင့်တက်လာ၍ ငါးခြောက်ထုတ်လုပ်ရောင်းချနေသည့် လုပ်ငန်းရှင် (၃၀၀) ဝန်းကျင်အနက် လုပ်ငန်းရှင်(၂၀၀) ဝန်းကျင်မှာ လုပ်ငန်းများရပ်ဆိုင်းထားရကြောင်း သိရသည်။

ယခင်ပြည်ပမှ တင်သွင်းသည့် ငါးခြောက်ကုန်ကြမ်း ပေ (၄၀) ကွန်တိန်နာ (၁)လုံးလျှင် အစိုးရသို့ အခွန်ကျပ် ၁၅ သိန်းဝန်းကျင်သာ ပေးသွင်းရပြီး ယခုအခါ ထိုင်းနိုင်ငံမှတစ်ဆင့် ပြန်လည်တင်သွင်းနေရသဖြင့် ကုန်ကျစရိတ် ၃ ဆနီးပါးဖြစ်သည့် ကျပ် (၄၅)သိန်းနီးပါးအထိ ရှိလာကြောင်း သိရသည်။

ငါးလုပ်ငန်းကဏ္ဍတစ်ခုလုံး ပြိုလဲနိုင်တဲ့အတွက် ဘာပဲလုပ်လုပ်တရားဝင်လုပ်ပါ။ တရားဝင်လုပ်တဲ့နည်းကိုလည်း ကျွန်မတို့ကို လာမေးပါ။ ကျွန်မတို့လည်း ငါးဦးစီးကို မေးပြီးတဲ့အခါမှာ တရားဝင်က ဒါလုပ်လို့ရတယ်။ ဒီလိုသွင်းပါ။ ဒီလိုလုပ်ပါ ဆိုပြီးတော့ Guide လိုင်းပေးလို့ရပါတယ်။ အဲ့ဒါကြောင့် ဘာပဲလုပ်လုပ် ဥပမာ ငါးတန်သွင်းတယ်ပေါ့။ တရားမဝင်သွင်းတဲ့အခါ ငါးတန်မှာ ရောဂါပါလာရင် ဟိုဘက်တိုင်းပြည် ပြန်ရောင်းရင် ပြည်တွင်းကငါးလား၊ ပြည်ပကသွင်းတဲ့ငါးလားဆိုပြီး မသိနိုင်တဲ့အတွက် လုပ်ထုံးလုပ်နည်းအတိုင်းပဲလုပ်ကြပါဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

ငါးခြောက်တင်သွင်းမှု ရပ်ဆိုင်းထားခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည့်အခါ ယင်းကိစ္စရပ်အား ပြန်လည်ခွင့်ပြုပေးရန် တင်ပြသွားမည် ဖြစ်ကြောင်း သိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1749-dry-fish.html

## ဈေးကွက်အတွင်း၌ ပဲဆီရနံ့ ထည့်သွင်းထားသော ဆီများ ၈၀ ရာခိုင်နှုန်းအထိ နေရာယူထား

ဈေးကွက်အတွင်း၌ ပဲဆီရနံ့ ထည့်သွင်းထားသော အရောအနှောဆီများ ၈၀ ရာခိုင်နှုန်းအထိ နေရာယူထားသည့်အတွက် စားသုံးသူများနစ်နာမှု ရှိနေကြောင်းမြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး ၏ ပြောပြချက်အရ သိရသည်။



မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ရှိချိန်တွင် ပဲဆီရနံ့ ထည့်ထားသည့် ဆီတစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ဖြင့် ရောင်းချမှုများ ရှိနေသည်။ ဈေးကွက်ထဲမှာ စားအုန်းဆီကို ဓာတုရနံ့ထည့်ပြီး ပဲဆီလို့ လိမ်လည်ရောင်းချနေကြတာက ၈၀ ရာခိုင်နှုန်းလောက် ရှိတယ်။ တချို့ကလည်း ဘူးခွံပေါ်မှာရောနှောဆီဆိုပြီးတော့ ပါဝင်မှုရာခိုင်နှုန်းအလိုက် ရေးထားတာတွေ့ရတယ်။ ဒါပေမဲ့ ဈေးနှုန်းကြည့်လိုက်တာနဲ့ ပဲဆီစစ်၊ မစစ်ဆိုတာကို မှန်းဆလို့ ရကြောင်း ဦးထွန်းထွန်းဦးကပြောသည်။

ထို့ပြင် ဈေးကွက်အတွင်း ရောင်းချနေသည့် ဟင်းရွက်ဆီတချို့တွင် မြေပဲဆီ ၃၀ ရာခိုင်နှုန်း၊ စားအုန်းဆီ ၄၀ ရာခိုင်နှုန်း စသည်ဖြင့် ရောင်းချနေပြီး သတ်မှတ်ထားသော ဈေးနှုန်းများအရ မဖြစ်နိုင်သည့်ဈေးနှုန်း တစ်ခုဖြစ်၍ စားသုံးသူများ အနေဖြင့် စစ်ဆေးဝယ်ယူ စားသုံးသင့်ကြောင်းသိရသည်။

ယင်းအတွက် သက်ဆိုင်ရာမှ မူဝါဒများ ချမှတ်ကာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဥပဒေများ ထွက်ပေါ်လာစေရန် ဆောင်ရွက်သည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်သောဆီများ ထွက်ပေါ်လာစေရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ပြည်တွင်းဆီစက်များကလည်း ယင်းဈေးကွက်ကို မယှဉ်ပြိုင်နိုင်သည့်အတွက် လုပ်ငန်းများရပ်ဆိုင်းထားရကာ လတ်တလောတွင် ဆီစက် ၁၀ ရာခိုင်နှုန်းသာ လုပ်ငန်းလည်ပတ်နိုင်ကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1745-oil-market.html

## တရုတ်ဈေးကွက်တွင်နနွင်းဝယ်လိုအားကောင်း၍ စိုက်ပျိုးသူများအဆင်ပြေ

ကရင်ပြည်နယ် လိပ်သိုမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသများမှထွက်ရှိသော နနွင်းတက်များကို ယခုအခါ တရုတ်ဈေးကွက်သို့ အပတ်စဉ်ပိဿာချိန် နှစ်သောင်းခန့်တင်ပို့နေရသောကြောင့် စိုက်ပျိုးသူများ အဆင်ပြေလျက် ရှိကြောင်း သိရသည်။ တောင်ပေါ်ဒေသများ၌ နနွင်းတက်များအား နှစ်စဉ်တန်ခူးလနှင့် ကဆုန်လတို့တွင် စတင်စိုက်ပျိုးကြပြီး တန်ဆောင်မုန်းလနှင့် နတ်တော်လတို့တွင် စတင်တူးယူ ရောင်းချကြခြင်းဖြစ်ကြောင်း ဆင်ဂွေကျေးရွာရှိ နနွင်းတက် အဝယ်ဒိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နနွင်းကို တောင်ပေါ်တက်ဝယ်ရကြောင်း၊ လိပ်သိုမြို့နယ်ထဲမှာရှိတဲ့ရွာတွေအားလုံးစိုက်ကြကြောင်း၊ နနွင်းတက်ကို အစိုရောင်းတာလည်းရှိကြောင်း၊ အခြောက်လှန်းပြီး လာရောင်းတာလည်းရှိကြောင်း၊ အစိုဆိုရင်တော့ တစ်ပိဿာကို ငွေကျပ် ၃၅၀၊ အခြောက်ဆိုရင်တော့ ငွေကျပ် ၂၅၀၀ ဈေးပေါက်ကြောင်း၊ ရောက်လာတဲ့ နနွင်းတက် အစိုအိတ်တွေကိုတော့ နေ့စား ၁၅ ယောက်လောက်ငှားပြီး ရေဆေးနဲ့ပြုတ်၊ နာရီဝက်လောက်နေပြန်ဆယ် အခြောက်လှန်းလုပ်ရကြောင်း လုပ်ငန်းလုပ်ကိုင်သူဦးရွှေကပြောသည်။ ဒေသမှထွက်ရှိသည့် နနွင်းတက်ခြောက်များကို ရွှေလီမြို့ရှိ အဝယ်ဒိုင်များမှ တိုက်ရိုက်လာရောက်ဝယ်ယူခြင်းဖြစ်ပြီး တစ်ပတ်တစ်ခါ တောင်ငူနှင့် ရေတာရှည်မြို့တို့မှ နနွင်းတက်ပိဿာချိန် နှစ်သောင်းခန့်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**Source:** http://myawady.net.mm/index.php/business/item/41477-2019-03-18-10-27-59

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုး ထုတ်လုပ်သည့် လျှော်ဖြူအစေးများ ထိုင်ဝမ်ဈေးကွက်သို့ တင်ပို့နိုင်ရေး ညှိနှိုင်းလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသော လျှော်ဖြူအစေးများကို ထိုင်ဝမ်ဈေးကွက်သို့ တင်ပို့နိုင်ရေး ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီးလျှော်ဖြူအစေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဇော်မင်းထံမှသိရသည်။ လျှော်ဖြူပင်များကို အပူပိုင်းဒေသများဖြစ်သည့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ လျှော်ဖြူပင်မှထွက်ရှိသော လျှော်ဖြူအစေးများကို နိုင်ငံခြားဈေးကွက်သို့ တင်ပို့နိုင်ရန်အတွက် ထိုင်ဝမ်နိုင်ငံသို့ တင်ပို့နိုင်ရေး ဆွေးနွေးမှုများ လုပ်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။

တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးမှုကနေထွက်ရှိတဲ့ လျှော်ဖြူအစေးတွေကို အရင်ကတရုတ်ဈေးကွက်ကိုပဲ တင်ပို့နေရာ ကနေ အခုနှစ်မှာတော့ ထိုင်ဝမ်ဈေးကွက်ကို တင်ပို့ဖို့စီစဉ်နေတယ်။ သဘောတူညီချက်နဲ့ သက်တမ်းမတိုင်မီတော့ တင်ပို့နိုင်လိမ့်မယ်လို့မျှော်လင့်ကြောင်း တိုင်းဒေသကြီးလျှော်ဖြူအစေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းက ပြောသည်။ နိုင်ငံခြားဈေးကွက်မပေါ်ပေါက်ခင် လျှော်ဖြူအစေးသည် ဈေးကွက်၌ တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ ဝန်းကျင်ဈေးပေါက်ရာမှ ယခုရာသီတွင် လျှော်ဖြူအစေးထွက်ရှိမှုနည်းခြင်းနှင့် ထိုင်ဝမ်ဈေးကွက် ပေါ်ပေါက်လာမှုကြောင့် ယခုလက်ရှိဈေးကွက်၌ ငွေကျပ် ၃၀၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းမြင့်တက်ကြောင်း လျှော်ဖြူစိုက်ပျိုးရေးတောင်သူများ၏ ပြောကြားချက်အရသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှထွက်ရှိသော လျှော်ဖြူအစေးများကို မူဆယ်မြို့မှတစ်ဆင့် တရုတ်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဈေးနှုန်းမငြိမ်သက်မှုများရှိခြင်းကြောင့် ဈေးနှိမ်မှုများနှင့် တွေ့ကြုံရချိန်တွင် ထိုင်ဝမ်ဈေးကွက် အသစ်တစ်ခုပေါ်ပေါက်လာသဖြင့် တောင်သူများအနေဖြင့် ဈေးနှုန်းပိုမိုရရှိကာ အခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://myawady.net.mm/index.php/news/localnews/item/41483-2019-03-18-10-47-44

## ယခုနှစ်တွင်ရာသီဥတုမမှန်ခြင်းနှင့် လုပ်သားရှားပါးခြင်းတို့ကြောင့် ဆားထွက်နောက်ကျ

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ မဲခရဲဆားတိုက်နယ်အတွင်း ဆားကွင်းများမှာ ရာသီဥတု မမှန်ခြင်းနှင့် လုပ်သားရှားပါးခြင်းတို့ကြောင့် ဆားထွက် နောက်ကျလျက်ရှိကြောင်း ဟိုင်းကြီးကျွန်းမြို့ ဒေသခံ ဆားလုပ်ငန်းရှင်များထံမှသိရသည်။

လက်ရှိဆားထွက်နှုန်းက မနှစ်ကဆားထွက်နှုန်းကို မမီသေးကြောင်း၊ ဆားကွင်းတွေ ပြင်ဆင်နေချိန် မိုးရွာသွန်းခဲ့တဲ့ အတွက် ဆားကွင်းလုပ်ငန်းတွေ ထိခိုက်နစ်နာခဲ့ရကြောင်း၊ ဆားကွင်းတွေ ပြန်လည်ပြင်ဆင်ရတဲ့အတွက် လုပ်သား စရိတ်နဲ့ အရင်းအနှီးပိုမိုကုန်ကျခဲ့ရတယ်။ ယခင်နှစ်က ဆားပိဿာနှစ်သိန်းကျော်လောက်ထွက်ရှိပြီး

ယခုနှစ်မှာတော့ ဆားပိဿာ တစ်သိန်းကျော်လောက်ပဲ ထွက်ရှိပါသေးတယ်။ နောက်တစ်ခုက ဆားလုပ်သား ရှားပါးနေတဲ့အပြင် ရာသီဥတုအခြေအနေကြောင့်လည်း ဆားထွက်နောက်ကျနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆားလုပ်ငန်း လုပ်ကိုင်သူ ရော ဆားလုပ်ငန်းရှင်များပါ အခက်အခဲဖြစ်ပေါ်နေပါတယ်"ဟု မဲခရဲ ဆားတိုက်နယ်မှ ဆားလုပ်ငန်းလုပ်ကိုင်သူ ဦးချစ်သိန်းကပြောသည်။

မဲခရဲဆားတိုက်နယ်အတွင်း ဆားကွင်းဧက ၃၀၀၀ ကျော်ရှိပြီး ဆားတောင်သူ ၁၁၃ ဦးရှိကာ နာဂစ်မုန်တိုင်း တိုက်ခိုက်ပြီး ချိန်မှ စတင်ကာ နှစ်စဉ်ရာသီဥတုမမှန်ခြင်းနှင့် ဆားကြမ်းဈေးနှုန်းများ ကျဆင်းခဲ့သောကြောင့် ဆားလုပ်ငန်း များ ၅၀ ရာခိုင်နှုန်းထိသာ ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်မှ စတင်၍ ဆားကွင်းလုပ်ငန်းများ ပြန်လည် လုပ်ကိုင်လာကြကာ ၂၀၁၈ ခုနှစ်တွင် ဆားကြမ်းဈေးနှုန်းများ အနည်းငယ်တိုးတက်ပြီး လက်ရှိတွင် ဆားကြမ်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၁၄၀ မှ ၁၆၀ အထိရှိကြောင်း ဆားကွင်းလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

**Source:** http://myawady.net.mm/index.php/news/localnews/item/41482-2019-03-18-10-43-21

## ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲတွင် အမေရိကန်ဒေါ်လာ ၅၄ သန်းကျော် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းလေးခုအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်

ချင်းပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်ရည်ရွယ်ပြီး ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့်ဒေသထွက်ကုန်ပြပွဲ(Chin State Investment and Products Fair 2019)ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)တွင် မတ် ၁၆ မှ ၁၇ ရက်အထိ နှစ်ရက်တိုင် ကျင်းပခဲ့သည်။

အဆိုပါ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲတွင် အမေရိကန်ဒေါ်လာ ၅၄ သန်းကျော် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းလေးခုအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဒီပွဲမှာ ကနဦး သဘောတူညီမှုအနေနဲ့ လုပ်ငန်းလေးခုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပထမတစ်ခုက **လျှပ်စစ်ထုတ်တဲ့လုပ်ငန်း** ဖြစ်ပါတယ်။ လျှပ်စစ်ထုတ်တဲ့ လုပ်ငန်းက Noway Power Co., Ltd. နဲ့ ကနဦး လက်မှတ်ရေးထိုးပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန် ဒေါ်လာ သန်း ၅၀ ရင်းနှီးမြှုပ်နှံဖို့ရှိပါတယ်။ နောက်တစ်ခုက The Khumi Institute သူကတော့ **ပလက်ဝမြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေ** ဆောင်ရွက်ဖို့အတွက် ကနဦးသဘောတူလက်မှတ်ရေးထိုးတာပါ။ ရင်းနှီးမြှုပ်နှံမှု ပမာဏက မြန်မာကျပ်ငွေ သုံးဘီလီယံရင်းနှီးမြှုပ်နှံမှာဖြစ်ပါတယ်။ နောက်တစ်ခုက ချင်းပြည်နယ် တောင်သူလယ်သမားတွေစုပြီး တည်ထောင်ထားတဲ့ ချင်းတောင်ရတနာ ကုမ္ပဏီလီမိတက်ကနေ လယ်ယာထွက်ကုန် ပစ္စည်းဖြစ်တဲ့ ဂျုံ၊ ကော်ဖီတွေကို တန်ဖိုးမြှင့်ဖို့အတွက် **စက်မှုလုပ်ငန်း**လုပ်မှာဖြစ်ပါတယ်။ စက်မှုလုပ်ငန်းလုပ်ဖို့ အစိုးရအနေနဲ့ လိုအပ်တာတွေပံ့ပိုးဖို့ နားလည်မှုစာချွန်လွှာရေးထိုးပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန် ဒေါ်လာတစ်သန်း ရင်းနှီးမြှုပ်နှံမှာဖြစ်ပါတယ်။ နောက်တစ်ခုက **ဟိုတယ်လုပ်ငန်း**ဖြစ်ပါတယ်။ ဟိုတယ်လုပ်ငန်းကို KL Amazing Co., Ltd. နဲ့ နားလည်မှုစာချွန်လွှာရေးထိုးတာဖြစ်ပါတယ်။ မြန်မာကျပ်ကျပ်ငွေ ၁ ဒသမ ၂ ဘီလီယံလောက် ရင်းနှီးမြှုပ်နှံမှာ ဖြစ်ပါတယ်။

ဒီလေးခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ချင်းပြည်နယ် တစ်ပြည်နယ်လုံးက ဝင်ငွေခွန် ခုနစ်နှစ်ပေးတဲ့ ပြည်နယ်ထဲပါပါတယ်။နိုင်ငံတော်ကနေ သတ်မှတ်ထားတဲ့ ဦးစားပေး မြှင့်တင်တဲ့ ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုသာရမှာဖြစ်ပါတယ်။ အခုလက်မှတ်ရေးထိုးတဲ့ လုပ်ငန်းလေးခုလုံးက ဦးစားပေးကဏ္ဍထဲမှာပါတဲ့အတွက် ကြောင့် ကင်းလွတ်ခွင့်ရမှာဖြစ်ပါတယ်။ လေးခုလုံးရဲ့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက အမေရိကန်ဒေါ်လာ ၅၄ သန်း ကျော်ရှိပါ တယ်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2243742069199622?__tn__=K-R

## ကမ္ဘာပေါ်တွင် ဒုတိယမြောက် ဆန်အများဆုံးဝယ်လက်ဖြစ်လာမည့် ဖိလစ်ပိုင်

နိုင်ငံတကာဆန်ဈေးကွက်တွင် စံချိန်တင်ပမာဏများ ဝယ်ယူနေသော ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်အတွင်း ပြည်ပမှ ဆန်တန်ချိန် ၂.၆ သန်း ဝယ်ယူတင်သွင်းခြင်းဖြင့် ကမ္ဘာ့ဒုတိယမြောက် ဆန်အများဆုံး ဝယ်လက် ဖြစ်လာဖွယ်ရှိနေသည်။ ၂၀၁၈ ခုနှစ်က ဆန်စပါးအကျပ်အတည်း ဖြစ်ပွားပြီးနောက်တွင် ပြည်ပဆန်တင်သွင်းခွင့် အတားအဆီးများကို ပယ်ဖျက်

လိုက်သော ဖိလစ်ပိုင်သည် ယခုအခါ တန်ချိန် ၂.၆ သန်းအထိ ဝယ်ယူရန် စီစဉ်လျက်ရှိသည်။ ထိုပမာဏအတိုင်းသာ ဝယ်ယူဖြစ်ပါက ခန့်မှန်းခြေ ဆန်တန်ချိန် ၄.၅ သန်း ဝယ်ယူပြီး ကမ္ဘာပေါ်တွင် ဆန် အများဆုံး တင်သွင်းသူ ဖစ်သော တရုတ်နိုင်ငံနောက်တွင် ဖိလစ်ပိုင်နိုင်ငံက ဒုတိယမြောက် ဆန်အများဆုံး တင်သွင်းသူဖြစ်လာရန်ရှိသည်။ အမေရိကန်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန USDA က နောက်ဆုံးထုတ်ပြန်သောအစီရင်ခံစာတွင် ဖိလစ်ပိုင်၏ ယခုနှစ် ဆန်တင်သွင်းမှုသည် ၂၀၁၈ ခုနှစ်က တင်သွင်းခဲ့သော တန်ချိန် ၁.၉ သန်းထက် ၃၇ % ပိုများနိုင်သည်ဟု ဖော်ပြထားသည်။ မကြာသေးခင်ကပင် ဖိလစ်ပိုင်တွင် ဆန်တင်သွင်းမှု ကန့်သတ်ချက်များအားဖြေလျှော့သည့် ဥပဒေကိုပြဌာန်းခဲ့သောကြောင့် ယင်းနိုင်ငံသည် အိမ်နီးချင်းအာဆီယံနိုင်ငံများဆီမှ ဆန်ကို စရိတ်စကသက်သာစွာနှင့် စိတ်ကြိုက်နည်းလမ်းများကို အသုံးပြုပြီး လွတ်လပ်စွာ တင်သွင်းနိုင်တော့မည်ဟု USDA က ဆိုသည်။

ထို့ကြောင့် ဖိလစ်ပိုင်၏ ဆန်တင်သွင်းမှုသည် နိုင်ငံတကာဆန်ဈေးနှုန်းများ စံချိန်တင် မြင့်တက်ခဲ့ဖူးသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း အများဆုံးဖြစ်လာပြီး ယခု ၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာပေါ်တွင် ဒုတိယမြောက် ဆန်အများဆုံး ဝယ်ယူတင်သွင်းသူလည်း ဖြစ်လာလိမ့်မည်ဟု USDA က တွက်ဆထားသည်။ ဖိလစ်ပိုင်လယ်ယာစိုက်ပျိုးရေး အတွင်းဝန်ကမူ ဆန်အမြောက်အများ တင်သွင်းမှုသည် အခိုက်အတန့်မျှသာဖြစ်ပြီး နောက်ပိုင်းတွင် တဖြည်းဖြည်း လျော့နည်းသွားမည်ဟုပြောဆိုသည်။ မည်သို့ပင် ဖြစ်စေ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သော ဖိလစ်ပိုင်တွင် ဆန်လိုအပ်ချက် ကြီးမားနေခြင်းသည် မြန်မာ အပါအဝင် ဆန်ပို့ကုန်နိုင်ငံများအတွက် ဈေးကွက်အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပသို့ ဆန်တင်ပို့ရာတွင် အစိုးရချင်း ချိတ်ဆက် ရောင်းဝယ်သော G to G စနစ်ကို ကြိုးပမ်းနေခြင်းကြောင့် ဖိလစ်ပိုင်၏ ဆန်လိုအပ်ချက် တစ်နေရာကို ဝင်ရောက်ဖြည့်ဆည်းရောင်းချနိုင်ရန် အခွင့်အလမ်း ရှိနေကြောင်း ဖော်ပြလိုက်ပါသည်။

**Source:** https://www.facebook.com/gromaxxmyanmar/?epa=SEARCH_BOX

## မြန်မာနိုင်ငံ လက်ဖက်ယဉ်ကျေးမှုပြတိုက်ကို ကွမ်ရှီးတွင် ဖွင့်လှစ်တရုတ်နိုင်ငံရောင်းချမှုဈေးကွက်ချဲ့ထွင်

နန်နင်းမြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးစိုးသက်နိုင်က မြန်မာနိုင်ငံသည် ရှည်ကြာသော လက်ဖက်စိုက် ပျိုးခြင်းနှင့် လက်ဖက်စားသုံးခြင်း သမိုင်းကြောင်း ရှိပါသည်။ ယခုအကြိမ် နန်နင်တွင် ဖွင့်လှစ်လိုက်သော မြန်မာနိုင်ငံလက်ဖက်ယဉ်ကျေးမှုပြတိုက်သည် တရုတ်နိုင်ငံစားသုံးသူများအား မြန်မာ့ လက်ဖက်ကို မိတ်ဆက်နိုင်ရုံသာမက နိုင်ငံတကာရောင်းချမှုဈေးကွက်တိုးချဲ့ရန်အတွက် အရေးကြီးသော စင်မြင့်ဖြစ်လာ သည်အထိ အကျိုးရှိစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကောင်စစ်ဝန်ချုပ် ဦးစိုးသက်နိုင်က မြန်မာနိုင်ငံသည် (၁၁)ရာစုမှစတင်ကာ လက်ဖက်ကို စိုက်ပျိုး စားသုံးခဲ့ကြပြီး လက်ရှိမြန်မာနိုင်ငံ၏ လက်ဖက်များကို ဂျပန်၊ စင်ကာပူ၊ မလေးရှားစသည့်နိုင်ငံများသို့ တင်ပို့ရုံသာမက ဂျာမနီစသည့် ဥရောပနိုင်ငံနှင့် အမေရိကန်နိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်၊ လက်ဖက်ဈေးကွက်တိုးချဲ့ရန်အတွက် နန်နင်းအခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သွယ်မှုဆက်သွယ်ရေးရုံးသည် မြန်မာနိုင်ငံသက်ဆိုင်ရာ ဌာနကော်မတီများ၏ ထောက်ခံမှုအောက်တွင် ၂၀၁၇ ခုနှစ် (၁၄)ကြိမ်မြောက် တရုတ်-အာဆီယံပြပွဲ၌ မြန်မာလက်ဖက်ယဉ်ကျေးမှုပြခန်းကို ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ဖက်ယဉ်ကျေးမှုကို ပြသနိုင်ခဲ့ကာ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံအသီးသီးမှ ဧည့်သည်များ၊ ကုန်သည်များအား နက်ရှိုင်းသောပုံရိပ်များ ကျန်ရှိစေခဲ့ပါသည်။ ယခုအကြိမ်ဖွင့်လှစ်လိုက်သော မြန်မာလက်ဖက် ယဉ်ကျေးမှုပြတိုက်မှာ မြန်မာနိုင်ငံလက်ဖက်၏ တရုတ်ဈေးကွက်သို့ ကြိုးပမ်းဝင်ရောက်သည့် အကောင်အထည် ဖော်မှုတစ်ရပ်ဖြစ်ကြောင်း ဆက်လက်မိတ်ဆက်ပြောကြားခဲ့သည်။

တရုတ်-အာဆီယံပြပွဲအတွင်းရေးမှူးရုံးမှ ဒုတိယအတွင်းရေးမှူး ရန်ရန့်ရန့်မှ ကျုံးရှင်းကွန်ယက်သတင်းထောက် မေးမြန်းမှုကို လက်ခံဖြေကြားရာတွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ ကုန်သွယ်၊ စီးပွားအပြန်အလှန်ဆက်ဆံရေး အလွန်များပြားပါသည်။ ယခင်က မြန်မာနိုင်ငံ၏ ကျောက်စိမ်း၊ သစ်သားစသည်တို့မှ တရုတ်ဈေးကွက်အတွင်း ဝင် ရောက်မှုများသာ အလွန်များပြားခဲ့သည်။ ၂၀၁၆ ခုနှစ်မှစတင်၍ အတွင်းရေးမှူးရုံးသည် မြန်မာနိုင်ငံအား ပိုမိုများပြား သောလက်ဖက်၊ ပဲအမျိုးအစားများစသည့် အထူးလက္ခဏာရှိသည့်ကုန်စည်များ ယူဆောင်လာရန် တိုက်တွန်းအားပေးခဲ့ ကြောင်း ပြောကြားခဲ့ပါသည်။

**Source:** https://www.facebook.com/shweliayarnews/

# STOCK EXCHANGE (18.3.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 18th Mar. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,800 | 8,700 | 327 | 2,875,000 | 27,112,747 | 235,881 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,800 | 1,130 | 3,185,500 | 38,929,150 | 110,948 |
| MCB | 00003 | 7,100 | -100 | -1.39% | 7,100 | 7,100 | 7,100 | 35 | 248,500 | 10,400,986 | 73,847 |
| FPB | 00004 | 21,000 | +0 | +0.00% | 20,500 | 21,000 | 20,500 | 768 | 16,039,500 | 2,472,053 | 51,913 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,212,906 | 32,364 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.86 | -0.77 | -0.21% | 369.86 | 369.86 | 369.86 | 2,260 | 22,348,500 | 5 | 504,953 |

### Index chart





## Market Overview

As of 1:00 pm, 18th Mar. 2019

**MYANPIX** **369.86**

▼ 0.77

| | |
|---|---|
| Total Volume (shares) | 2,260 |
| Total Value (MMK) | 22 mil |
| Listed Company | 5 |
| Market Cap. (MMK) | 504,953 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲0 |
| MTSH | 00002 | 2,850 | ▲0 |
| MCB | 00003 | 7,100 | ▼100 |
| FPB | 00004 | 21,000 | ▲0 |
| TMH | 00005 | 2,650 | ▲0 |